စာအမှတ် ၃/၂၀၀၉ (မဃတ+၈၈+ဗကသ)
ရက်စွဲ – ၁၆/၆/၂၀၀၉

# လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် ဘာသာပေါင်းစုံ ဆုတောင်းကြ

## မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစု အဖွဲ့ကြီး
## ၈၈ မျိုးဆက်ကျောင်းသားများ
## ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်

နအဖစစ်အစိုးရသည် နေအိမ်အကျယ်ချုပ်ဖြင့် လွတ်ရခါနီး ရက်ပိုင်းအလိုတွင် ဒေါ်အောင်ဆန်းစုကြည်ကို အပြစ်မရှိ အပြစ်ရှာပြီး အမှုလုပ်နေပုံမှာ မည်သည့်နည်းဖြင့်ဖြစ်စေ ဒေါ်အောင်ဆန်းစုကြည်ကို လူထုနှင့် အဆက်ဖြတ်၍ သီးခြားချုပ်နှောင်မှုကို ဆက်လက်လုပ်ဆောင်တော့မည်ဖြစ်ကြောင်း မိမိတို့အားလုံး ထင်ရှားမြင်သာနေပါသည်။

ဒေါ်အောင်ဆန်းစုကြည်သည် ရဟန်းရှင်လူများ၊ တိုင်းရင်းသားပြည်သူများ၊ လွတ်လပ်စွာ စီးပွားရေးလုပ်ကိုင်ဆောင်ရွက်လိုသူများ၊ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ရလိုသူများ၊ လွတ်လပ်စွာ ဆန္ဒဖော်ထုတ်ခွင့်ရလိုသူများ အားလုံးအတွက် လက်ရှိ မြန်မာနိုင်ငံ၏ နိုင်ငံရေးပြဿနာများကို ဖြေရှင်းပေးနိုင်မည့် တဦးတည်းသော ခေါင်းဆောင် ဖြစ်နေသည်မှာလည်း ပြည်သူတရပ်လုံးက သိမြင်နားလည်နေကြပါသည်။

ထိုသို့သောအခြေအနေတွင် အဓမ္မကို ဓမ္မနဲ့ ယှဉ်ရမည့် နိယာမတရား ရှိသည်နှင့်အညီ စစ်အာဏာရှင်တို့၏ အဓမ္မ အကျဉ်းချတော့မည့် လုပ်ရပ်ကို မိမိတို့ပြည်သူတရပ်လုံးက ဓမ္မနှင့်အညီ ဒေါ်အောင်ဆန်းစုကြည် အမြန်ဆုံး လွတ်မြောက်နိုင်ရေးအတွက် ဘုရားကျောင်းကန်များတွင် ဆုတောင်းမေတ္တာပို့သမှု ပြုလုပ်ပေးကြရန် လိုအပ်နေပါသည်။

ထို့ကြောင့် ဇွန်လ ၁၉ ရက်နေ့တွင် ကျရောက်သော လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ အသက် (၆၄)နှစ်မြောက်မွေးနေ့တွင် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် ဗုဒ္ဓဘာသာဝင်များက ဘုရားများသို့ လည်းကောင်း၊ အစ္စလမ်ဘာသာဝင်များက ဗလီဝတ်ကျောင်းများသို့လည်းကောင်း၊ ခရစ်ယာန်ဘာသာဝင်များက ခရစ်ယာန်ဘုရားကျောင်း(Church)များသို့လည်းကောင်း၊ ဟိန္ဒူဘာသာဝင်များက ဟိန္ဒူဘုရားကျောင်းများသို့လည်းကောင်း သွားရောက်၍ မိမိတို့ဘာသာရေးထုံးတမ်းစဉ်လာများအတိုင်း ဝတ်ပြုဆုတောင်းပေးကြပါရန် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ ပြည်သူများအား မိမိတို့ မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီး၊ ၈၈ မျိုးဆက်ကျောင်းသားများ နှင့် ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်တို့မှ လေးလေးနက်နက် တိုက်တွန်းနှိုးဆော်လိုက်ပါသည်။ ။

**မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီး**
**၈၈ မျိုးဆက်ကျောင်းသားများ**
**ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်**